Myanmar Thilawa SEZ Holdings Public Limited
Rooftop Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar.

ရက်စွဲ ။  ။ ၂၀၁၇ ခုနှစ်၊ မေလ (၂) ရက်

<u>**လုပ်ငန်းဆိုင်ရာအမှုဆောင်အရာရှိချုပ် ခန့်အပ်ခြင်း**</u>

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပက်ဘလစ်လီမိတက်သည် ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များသို့ ကုမ္ပဏီ၏လုပ်ငန်းဆိုင်ရာအမှုဆောင်အရာရှိချုပ် ခန့်အပ်လိုက်ခြင်းအား အသိပေးကြေညာအပ်ပါသည်။ အဆိုပါ ရာထူးအတွက် Mr. David Law အား ၂၀၁၇ ခုနှစ်၊ မေလ (၂) ရက်မှစ၍ လုပ်ငန်းဆိုင်ရာအမှုဆောင်အရာရှိချုပ်အဖြစ် ခန့်အပ်ရန် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဒါရိုက်တာအဖွဲ့အစည်းအဝေး၌ သဘောတူ အတည်ပြု ဆုံးဖြတ်ခဲ့ပါသည်။

ယခုခန့်အပ်သည့် Mr. David Law သည် မြို့ပြစီမံကိန်းနှင့် အိမ်ရာစီမံကိန်း တည်ဆောက်ခြင်းတို့တွင် အတွေ့အကြုံများစွာရှိသဖြင့် စီမံခန့်ခွဲရေး ကဏ္ဍဦးဆောင်သူ တစ်ဦးအနေဖြင့် ကုမ္ပဏီ၏ ရည်မှန်းချက်များအား အကောင်အထည်ဖော်ရာတွင်များစွာ အထောက်အကူပြု ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါသည်။

Mr. David Law ၏ ပညာရေးနှင့် လုပ်ငန်းအတွေ့အကြုံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**In 1997:** Bachelor of Engineering (Civil & Structural) from Nanyang Technological University, Singapore.

Mr. David Law သည် (၁၉) နှစ်တာ ကာလအတွင်း စိန်ခေါ်မှုများစွာရှိသည့်စီမံကိန်းများတွင် အောင်မြင်မှုများစွာ ဖော်ဆောင်ပေးနိုင်ခဲ့သည့် ကျွမ်းကျင်ပညာရှင်တစ်ဦး ဖြစ်ပါသည်။ သူသည် စီမံကိန်းနေရာများရှာဖွေဖော်ထုတ်ခြင်းနှင့်ဝယ်ယူခြင်း၊ စီမံကိန်းများအတည်ပြုရေးဆွဲခြင်း၊ ဈေးကွက်စီးပွားရေးရှာဖွေခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ အဆောက်အဦး ပုံစံရေးဆွဲခြင်းစသည့် လုပ်ငန်းနယ်ပယ်များအပါအဝင် အိမ်ရာစီမံကိန်းတည်ဆောက်ခြင်းနှင့်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ၌လည်း နှံ့စပ်ကျွမ်းကျင်ပါသည်။

သူသည် ဖက်စပ်တည်ဆောက်ရေးလုပ်ငန်းများတွင် ကျွမ်းကျင်မှုများစွာရှိပြီး၊ မလေးရှား၊ စင်ကာပူ၊ အိုင်ယာလန်နှင့် အင်္ဂလန်နိုင်ငံများတွင်လည်း အိမ်ရာစီမံကိန်း ဈေးကွက်နှင့် သက်ဆိုင်သည့် လုပ်ငန်းများ၌ အတွေ့အကြုံကောင်းများစွာ ရှိခဲ့ပါသည်။ လူနေအိမ်ရာများ၊ ရုံးခန်းများ၊ ဈေးဝယ်စင်တာများ၊ ဆေးရုံများ၊ လမ်းနှင့် မီးရထားလမ်းများစသည့် တည်ဆောက်ရေးကဏ္ဍများတွင် ထိတွေ့လုပ်ကိုင်ခဲ့ခြင်းကြောင့် မြို့ပြစီမံကိန်းကြီးများ တည်ဆောက်ရေးတွင် များစွာအထောက်အကူပြုနိုင်ပါသည်။ သူသည် ဘာသာစကားများစွာကို ပြောဆိုနိုင်ခြင်းကြောင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုထိရောက်စွာ ဆက်သွယ်ပြောဆိုနိုင်မည် ဖြစ်ပါသည်။

အေးဝင်း
အုပ်ချုပ်ရေးနှင့်လူ့အရင်းအမြစ်ဒါရိုက်တာ